# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်၊၁/၂၀၂၃
## ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
## (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးချုပ် (နေပြည်တော်)နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လစ်လပ်လျက်ရှိသော နေ့စားဝန်ထမ်း (ရုံးလုပ်ငန်း)နေရာများအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ (သို့မဟုတ်) တက္ကသိုလ်နောက်ဆုံးနှစ်တက်ရောက် နေဆဲဖြစ်သူ၊နေ့စားဝန်ထမ်း(လုံခြုံရေး)နေရာများအတွက် အခြေခံပညာ မူလတန်းအဆင့် အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။

၂။ နေ့စားဝန်ထမ်း လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၆.၈.၂၀၂၃ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

(ဃ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသူဖြစ်ရမည်။

(င) ဌာနဆိုင်ရာတစ်ခုခုတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြစ်မှု၊ ပြစ်ဒဏ်တစ်ခုခု ကျခံခဲ့သူ၊ နုတ်ထွက်ခဲ့သူ မဖြစ်စေရ။

(စ) စာချုပ်သက်တမ်းမကုန်ဆုံးမီ အလုပ်မှနုတ်ထွက်လိုလျှင် (၁၅) ရက် ကြိုတင်၍ အကြောင်းကြားရမည်။

၃။ လျှောက်လွှာတွင်-

(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်။

(ခ) မွေးသက္ကရာဇ်။

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ။

(ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်။

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏အလုပ်အကိုင်။

(စ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်။

(ဆ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံနှင့်ဖုန်းနံပါတ်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ။

(ခ) အခြေခံပညာအထက်တန်း အောင်လက်မှတ်(မိတ္တူ)၊ ဘွဲ့လက်မှတ်(မိတ္တူ) (ရုံးလုပ်ငန်းနေ့စားအတွက်သာ)

(ဂ) အလုပ်သမားမှတ်ပုံတင်ကတ်(မိတ္တူ)။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(င) အမှန်တကယ်နေထိုင်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ (၆)လအတွင်း ရယူထားသော ထောက်ခံချက်(မူရင်း)။

(စ) သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ သို့မဟုတ် ရဲစခန်းမှ (၆)လအတွင်း ရယူထားသော ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက် မူရင်း။

(ဆ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ဆေးရုံ၏ ဆေးစစ်ချက်ထောက်ခံချက်(မူရင်း)။

၅။ လျှောက်လွှာကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးချုပ်(နေပြည်တော်) သို့ ၂၃-၈-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့ လာသော၊ အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ရုံးလုပ်ငန်းနေ့စားဝန်ထမ်းအတွက် ရေးဖြေစာမေးပွဲကို (၂၆.၈.၂၀၂၃) ရက်နေ့တွင် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်မှု (လက်တွေ့) စစ်ဆေးမည်ဖြစ်ပြီး (၂၇.၈.၂၀၂၃) ရက်နေ့တွင် လူတွေ့ (အထွေထွေဗဟုသုတ) စစ်ဆေးမည်ဖြစ်သည်။

၇။ လုံခြုံရေးနေ့စားဝန်ထမ်းအတွက် လူတွေ့ (အထွေထွေဗဟုသုတ)ကို (၂၆.၈.၂၀၂၃) ရက်နေ့တွင် စစ်ဆေးမည် ဖြစ်ပါသည်။

၁၀။ အသေးစိတ် သိရှိလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရုံးချုပ်(နေပြည်တော်) ဖုန်းနံပါတ် ၀၆၇-၃၄၀၈၆၂၈ နှင့် ၀၆၇-၃၄၀၈၆၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့